## စီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာ

(၂၀၁၅ ဧပြီလ မှ ၂၀၁၆ မတ်လ အထိ)

# စီမံကိန်း အနှစ်ချုပ်



**National Community Driven Development Project (NCDDP)**

**National Community Driven Development Project (NCDDP)**

IDA Grant No: H814-MM
IDA Credit No: 5687-MM
Italian soft loan 10244

# စီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာ

(၂၀၁၅ ဧပြီလ မှ ၂၀၁၆ မတ်လအထိ)

# စီမံကိန်းအနှစ်ချုပ်

Presented by

Community Driven Development Secretariat
Department of Rural Development
Ministry of Agriculture, Livestock and Irrigation



# အနှစ်ချုပ်တင်ပြခြင်း

၁။ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲသော ကျေးလက်ပြည်သူများအတွက် အခြေခံ အဆောက်အအုံ နှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြုချဉ်းကပ်နည်းဖြင့် အလွယ်တကူ လက်လှမ်းမီ အသုံးချနိုင်ရန်ဖြစ်သည်။ စီမံကိန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည် ဖော်ခြင်းဖြစ်ပြီး စီမံကိန်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာတွင် ၃ မြို့နယ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထိုအချိန်မှစပြီး နှစ်စဉ်တိုးချဲ့ဆောင်ရွက်ခဲ့ရာ ၂၀၁၄ -၂၀၁၅ ခုနှစ်တွင် ၉ မြို့နယ် နှင့် ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ၂၇ မြို့နယ်ရှိပြီဖြစ်ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၄ ခုရှိ ကျေးလက်ပေါင်း ၅၀၀၀ (ခန့်မှန်းခြေ လူဦးရေ သုံးသန်းကျော်) ကို အကျိုး ဖြစ်ထွန်းစေခဲ့ပြီး ဖြစ်သည်။

၂။ ယခုအစီရင်ခံစာသည် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း၏ ဘဏ္ဍာရေးနှစ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ထားခြင်းဖြစ်သည်။ အဆိုပါဘဏ္ဍာနှစ်မှာ ဧပြီလ ၂၀၁၅ ခုနှစ် မှ မတ်လ ၂၀၁၆ ခုနှစ်အထိ စုစုပေါင်း ၁၂လ ဖြစ်သည်။ ဤကာလအတောအတွင်းတွင် စီမံကိန်းဒုတိယစက်ဝန်း၏ ၉ မြို့နယ်ကို ၂၀၁၅ နှစ်လယ်ပိုင်းတွင် အဆုံးသတ်နိုင်ခဲ့ပြီး ၂၀၁၅ နှောင်းပိုင်းတွင် ၉ မြို့နယ်မှ ၂၇ မြို့နယ်သို့ တိုးချဲ့ဆောင်ရွက်ခဲ့သော စီမံကိန်း တတိယစက်ဝန်းကို စတင်နိုင်ခဲ့သည်။ (see map 1).[1]

၃။ ၎င်းအစီရင်ခံစာတင်နေစဉ်အတောအတွင်း၌ စီမံကိန်းသည် ကောင်းမွန်သော ရလဒ်များကို ဆင်းရဲသော ကျေးလက်လူထုများသို့ ဖော်ဆောင်ပေးနိုင်ခဲ့သဖြင့် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတဝန်းတွင်ရှိသော ကျေးလက်ဒေသများသို့ စီမံကိန်း ချဲ့ထွင်သွားနိုင်ရန် ဆုံးဖြတ်ချက်ကို ချမှတ်စေနိုင်ခဲ့သည်။ နိုင်ငံတော် အစိုးရထောက်ပံ့ငွေမှ ငွေကြေးထောက်ပံ့မှု မြင့်တင်ပေးခြင်းအပြင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ အား သီးခြား ချေးငွေအဖြစ် ထောက်ပံ့သွားရန် ၂၀၁၅ ဂျွန်လတွင် ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံ အစိုးရအကြား သဘောတူညီမှုရရှိပြီးဖြစ်သည်။ ထို့အပြင် စီမံကိန်းအနေဖြင့် ပြင်ပ အလှူရှင်များအားလဲ စွဲဆောင်နိုင်ခဲ့ သည်။ ၂၀၁၅ ဒီဇင်ဘာလတွင် အီတလီအစိုးရမှ ယူရို သန်း၂၀ ချေးငွေကို အသက်ဝင်စေခဲ့သည်။ ဂျပန်အစိုးရ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ရံပုံငွေမှ ၂၀၁၅ ဇွန်လတွင် သဘောတူညီခဲ့မှုအရ တိုက်ရိုက်ထောက်ပံ့ငွေကိုပါ ရရှိခဲ့သဖြင့် စီမံကိန်း၏ စုစုပေါင်း လည်ပတ်ငွေမှာ ဒေါ်လာ ၅၅၄ သန်းရှိနေပြီဖြစ်ပြီး ၂၀၂၁ အောက်တိုဘာလအထိ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး သန်းပေါင်း ခုနစ်ရာသော ပြည်သူများ နေထိုင်သည့် မြို့နယ် ၆၃ မြို့နယ်အထိ အထောက်အပံ့ပေးသွားနိုင်မည်ဟု ခန့်မှန်းထားသည်။

## အပိုင်း ၁။ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေ

၄။ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်ထိ ၂၇ မြို့နယ်အတွင်းရှိ ရွာပေါင်း ၅၄၂၉တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းခွဲပေါင်း ၅၀၀၀ ကျော်အတွက် မြန်မာကျပ်ငွေ ၂၁.၆ ဘီလီယံ သုံးစွဲနေပြီး စီမံကိန်းစတင်သော

၂၀၁၆ ခုနှစ် မတ်လကုန်ထိ ထပ်တိုးသုံးစွဲမှုပမာဏမှာ ၃၃.၄ ဘီလီယံ ဖြစ်သည်။ အကြမ်းဖျဉ်းအားဖြင့် စီမံကိန်းတစ်ခုလုံး၏ ရန်ပုံငွေ အသုံးစရိတ်၏ ၆၈% ရှိနေပြီဖြစ်သည်။ (ဇယား ၁၂)

၅။ ဒုတိယနှစ်ရာသီစက်ဝန်းတွင် မြို့နယ် ၉ မြို့နယ်ရှိ ရွာ ၁၇၂၇တွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၈၁၁ ခုအတွက် ထောက်ပံ့ငွေ စုစုပေါင်း မှာ ကျပ်ငွေ ၁၀.၅ ဘီလီယံဖြစ်သည်။ ထိုသုံးစွဲငွေမှ မြန်မာကျပ်ငွေ ၁၀.၄၅ ဘီလီယံအား ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့ပြီး ကျန်ရှိနေသော ၁၀၂.၉ သန်းကျပ်အား ဒုတိယ စီမံကိန်း စက်ဝန်းအတွင်းတွင် လုပ်ငန်းခွဲများ၏ ၄၁ရာခိုင်နှုန်းနှင့် ၂၄ ရာခိုင်နှုန်း အသီးသီးရှိခဲ့သော ဦးစားပေး ကဏ္ဍများဖြင့်သည့် (လမ်းများ၊ ဆိပ်ကမ်းများ၊ တံတားများ အစရှိသည့်) သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ပညာရေး ကဏ္ဍ အသီးသီးတို့၏ လည်ပတ်ရေးနှင့် ထိန်းသိမ်းရေး အတွက် အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းသည် ရေရရှိရေးနှင့် သန့်စင်ရေး (23%), စွမ်းအင် (8%), နှင့် လူထု တွေ့ဆုံရန် နေရာများနှင့် အခြားအဆောက်အအုံများ (4%) နောက်က လိုက်နေသည် (ပုံစံ ၁)။ ကဏ္ဍအလိုက် သုံးစွဲမှုများသည် ပထမ ရာသီစက်ဝန်းနှင့် တူညီနေပြီး တတိယ စီမံကိန်း စက်ဝန်းအတွက် ကြိုတင်ချမှတ်ရေးဆွဲထားသော တူညီသည့် လုပ်ငန်းခွဲပုံစံများအပေါ် အခြေခံထားခြင်း ဖြစ်သည်။


[1] Since community cycles (e.g. the periods during which communities plan and implement sub-projects) are aligned with Myanmar's dry season, this cycle continued beyond the reporting period. As such, completion data on subprojects in this report include data only up to the second completed community cycle.

[2] Myanmar Ministry of Finance official conversion rate : $1 = MMK 128

# Map of NCDDP Project Areas

Myanmar Information Management Unit

## Myanmar National Community Driven Development Project




| No. | Year | State/Region | Township's Name |
|---|---|---|---|
| 1 | Year 1 | Chin | Kanpetlet |
| 2 | | Shan | Namhsan |
| 3 | | Tanintharyi | Kyunsu |
| 4 | Year 2 | Ayeyarwady | Lemyethna |
| 5 | | Magway | Sidoktaya |
| 6 | | Nay Pyi Taw | Tatkon |
| 7 | | Rakhine | Ann |
| 8 | | Sagaing | Pinlebu |
| 9 | | Yangon | Htantabin |
| 10 | Year 3 | Ayeyarwady | Thabaung |
| 11 | | | Kyangin |
| 12 | | Bago | Monyo |
| 13 | | | Kyaukkyi |
| 14 | | Chin | Paletwa |
| 15 | | Kayah | Hpruso |
| 16 | | | Demoso |
| 17 | | Kayin | Kyainseikgyi |
| 18 | | Magway | Mindon |
| 19 | | Mandalay | Ngazun |
| 20 | | | Nyaung-U |
| 21 | | Mon | Chaungzon |
| 22 | | | Bilin |
| 23 | | Nay Pyi Taw | Lewe |
| 24 | | Sagaing | Myaung |
| 25 | | | Banmauk |
| 26 | | Tanintharyi | Tanintharyi |
| 27 | | Yangon | Kawhmu |
| 28 | Year 4 | Ayeyarwady | Ngapudaw |
| 29 | | Bago | Padaung |
| 30 | | Chin | Matupi |
| 31 | | Kachin | Mogaung |
| 32 | | Kayah | Bawlake |
| 33 | | | Hpasawng |
| 34 | | | Loikaw |
| 35 | | | Mese |
| 36 | | | Shadaw |
| 37 | | Magway | Pauk |
| 38 | | | Saw |
| 39 | | | Tilin |
| 40 | | Mandalay | Natogyi |
| 41 | | | Pyawbwe |
| 42 | | | Yamethin |
| 43 | | Mon | Paung |
| 44 | | Nay Pyi Taw | Pyinmana |
| 45 | | Shan | Hsihseng |
| 46 | | Yangon | Kungyangon |
| 47 | | | Kyauktan |

**Legend**

- Coastal Line
- Township Boundary
- State/Region Boundary
- International Boundary

**NCDDP Implemented Townships**

- Year 1
- Year 2
- Year 3
- Year 4

**Map ID: MIMU1420v02**
Creation Date: 29 August 2016.A4
Projection/Datum: Geographic/WGS84
Data Sources: World Bank
Base Map: MIMU
Boundaries: MIMU/WFP
Place Name: Ministry of Home Affairs (GAD) translated by MIMU
info.mimu@undp.org
www.themimu.info

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

၆။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပပြုလုပ်သော ပုဂ္ဂလိက နည်းပညာဆိုင်ရာ စစ်ဆေးပွဲ၌ လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ပေးထားသော ကျေးလက်ဒေသမှ အခြေခံအဆောက်အဦးများသည် ကျေနပ်ဖွယ်အရည်အသွေးရရှိအောင်မြင်ခဲ့ ပါသည်။ ထိုနည်းပညာဆိုင်ရာစစ်ဆေးပွဲတွင် အပြီးသတ်ပြီးသော လုပ်ငန်းခွဲ ၁၀% သည် ၉၂% ကောင်းသည်နှင့် အလွန်အမင်းကောင်းသည် ရလဒ်ကို ရရှိခဲ့ပါသည်။ (ပုံ - ၂ တွင် ကြည့်ရန်။) ထို့အပြင် ဝေးလံခေါင်းပါးသောဒေသများတွင်ပါ ညီညွတ်ကိုက်ညီမှုရှိကြောင်း စစ်ဆေးပွဲတွင် တွေ့ရှိခဲ့သည်။ ထို့ကြောင့် လူထုဗဟိုပြုစီမံကိန်း (NCDDP) မှ အကောင်ထည်ဖော်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများသည် မြန်မာနိုင်ငံရှိ နိုင်ငံတော်၏အခြား စီမံကိန်းများမှ အကောင်ထည်ဖော် ဆောင်ရွက်သော အခြေခံအဆောက်အဦးများထက် ပိုမိုထိရောက် အကျိုးရှိကြောင်း တွေ့ရှိရပါသည်။

၇။ လူထုစီမံကိန်းစက်ဝန်းကို အချိန်မီစတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမှာ စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် စီမံကိန်း ပထမနှစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်သော မြို့နယ်များ အတွက် ပိုမို အခက်အခဲရှိပါသည်။ ဥပမာအားဖြင့် ၂၀၁၅/၁၆ စီမံကိန်းစက်ဝန်းတွင် စတင်ဝင်ရောက်လာသော မြို့နယ်သစ်(၁၈) မြို့နယ်မှ မြို့နယ်အသင်းအဖွဲ့များကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလမှသာစတင် ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ထိုမြို့နယ်လူထုများအတွက် သင်တန်းများ လုံလောက်စွာ ပေးရန် နှင့် လူထုစီမံကိန်း ရေးဆွဲခြင်းများ လိုအပ်သဖြင့် ၂၀၁၆ခုနှစ်၊ ဇွန်လ မုတ်သုံရာသီမတိုင်မီ စီမံကိန်းလုပ်ငန်းခွဲများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ကျေးလက်/ဦးစီးဌာနမှ ထိုနှောင့်နှေးမှုများအား ထည့်သွင်းစဉ်းစားပြီး စီမံကိန်းလုပ်ငန်းခွဲများအား လိုအပ်သလို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအထိ ဆက်လက်ဆောင်ရွက်သွားမည်။ ကျေးလက်လူထုမှ မိုးရာသီအတွင်း (သွားလာရခက်ခဲပြီး ပို၍ ဈေးကြီးသောကြောင့်) စီမံကိန်းလုပ်ငန်းခွဲများကို အကောင်အထည်ဖော် မဆောင်ရွက်သင့်ပါ။ ထို့အပြင် လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်းအား အခြား ရာသီအလိုက် အသက်မွေးဝမ်းကျောင်း လုပ်ရှားမှုများနှင့် ပေါင်းစပ်နိုင် ပါသည်။ လာမည့်စီမံကိန်းစက်ဝန်းများ အတွက် စီမံကိန်းရေးဆွဲခြင်းကို အောက်တိုဘာလမှ ဇန်နဝါရီလအထိ ရေးဆွဲပြီး ဖေဖော်ဝါရီလမှ မေလအထိ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများ ပြုလုပ် သွားမည်။






**Figure 1: Cost and Physical Distribution of Sub-Projects by Sector**

**Figure 2: Sub-Project Quality as Sampled by Technical Audit 2015**



# အပိုင်း - ၂။ စွမ်းဆောင်ရည်တိုးတက်မြှင့်တင်ခြင်း

၈။ လူထု၏ တက်ကြွစွာ ပါဝင်ခြင်းသည် လူထုဗဟိုပြုစီမံကိန်း(NCDDP) အတွက် အရေးပါလှပါသည်။ ထို့အပြင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်မှုမြင့်မားခြင်း(၆၂%) သည် လူထုဗဟိုပြုစီမံကိန်း(NCDDP) မှ ထောက်ပံ့ပေးမှုတန်ဖိုးနှင့် အစီရင်ခံခြင်းကာလ၌ ရွေးချယ်ထားသော စီမံကိန်းသည် လူထုနှင့် သင့်တော်မှုရှိကြောင်း အတည်ပြုနိုင်သည်။ လူထုဗဟိုပြုစီမံကိန်း(NCDDP) တွင် စီမံကိန်းလုပ်ငန်းများကို ကျေးရွာလူထုမှ ရွေးချယ်ပြီး ရံပုံငွေအားကျေးလက်လူထုမှ ထိန်းသိမ်း၍ အသုံးပြုရမည်။ စီမံကိန်းအောင်မြင်မှုရှိမရှိကိုလည်း ကျေးလက်လူထုမှ ပထမအဆင့် ညွှန်ကိန်းများကို ထုတ်ဖော်ကမ်းလှမ်းရမည်ဖြစ်သည်။ အစီရင်ခံခြင်းကာလ ပြီးဆုံးပြီးနောက် စီမံကိန်းအား အမျိုးသမီးများအပါအဝင် (စီမံကိန်းတတိနှစ်တွင်ကော်မတီဝင် ၏ ၄၆% ဖြင့် ဖွဲ့စည်းထားသည်) လူထု၏ တက်ကြွစွာ ပါဝင်ဦးဆောင်မှုဖြင့် ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်သည်။

၉။ စီမံကိန်းဘဏ္ဍာရေးနှစ် ၂၀၁၅/၁၆ခုနှစ်တွင် စွမ်းဆောင်ရည်တိုးတက် မြှင့်တင်ခြင်းအတွက် အသုံးစရိတ်မှာ ကျပ်ငွေ ၅.၈ ဘီလီယံ (သန်း ၄.၅ ဒေါ်လာငွေ) ဖြစ်ပြီး ၂၀၁၆ခုနှစ်၊ မတ်လအကုန်အထိ အသုံးစရိတ်မှာ ကျပ်ငွေ ၈.၄ ဘီလီယံ (သန်း ၆.၅ ဒေါ်လာငွေ) ဖြစ်ပါသည်။ ဤပမာဏမှာ စီမံကိန်းတစ်ခုလုံး ကုန်ကျငွေ၏ ၁၈% ရှိပါသည်။ (ဇယား - ၂ တွင်ကြည့်ရန်။)

## သင်တန်းများ

၁၀။ ပြည်ထောင်စုအဆင့် စီမံကိန်း သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ပွဲ၌ ပါဝင်မှုအကြောင်းအရာ၊ အချိန်ကိုက်ညီမှုနှင့် သင်တန်းပို့ချမှုနှင့်ပတ်သက်၍ ပါဝင်တက်ရောက်သူများ၏ တုံ့ပြန်ချက်ကို ပြန်လည်ဖြေကြားရသော ကျေးရွာစီမံကိန်းရေးဆွဲခြင်းစွမ်းရည်နှင့် ကျေးလက်ပါဝင်ဆောင်ရွက်မှု ဆန်းစစ်ခြင်း နည်းပညာအား အဓိကတိုးပွားလာစေခြင်းဖြင့် စီမံကိန်းမှ သင်တန်းအစီအစဉ်များအား ဖြည့်ဆည်းအားပေးရပါမည်။ စီမံကိန်းမှ စီမံကိန်းစက်ဝန်းအတွင်း မြို့နယ်အဆင့်၌ သင်တန်းများကို အဆင်သင့် ပို့ချနိုင်ရန် အမြဲတမ်းသင်တန်း ပို့ချပေးသူများကို တိုးတက်များပြားလာအောင် စတင်အကောင်အထည်ဖော်ရမည်။ စီမံကိန်းမြို့နယ် (၂၇) မြို့နယ်တွင် ပြည်ထောင်စုအဆင့် သင်တန်းပို့ချသော အဖွဲ့အစည်းမှ စီမံကိန်းရေးဆွဲခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဝယ်ယူရေး စသည့် သင်တန်းများအား ပို့ချပါသည်။ မြို့နယ်အဆင့် အဖွဲ့အစည်းမှ အထက်ပါ သင်တန်းများအား ထို (၂၇) မြို့နယ်ရှိ ကျေးရွာနှင့် ကျေးရွာအုပ်စုကော်မတီဝင်များ (၇၅,၀၀၀)တို့အား ပို့ချပါသည်။ (ဇယား - ၆ နှင့် နောက်ဆက်တွဲ II တွင်အသေးစိတ်အားကြည့်ရှုရန်။)

၁၁။ စီမံကိန်းမှ လူထုစည်းရုံးရေးမှူးများ (CFs) အတွက် သင်တန်းအစီအစဉ်များအား သတ်မှတ်ထားသော နေရာများတွင် ပိုမိုအားကောင်းလာစေရန် သင်တန်းများပို့ချခြင်း၊

မြို့နယ်အဆင့်၌ လိုအပ်သော နေရာဒေသများအတွက် ဒေသခံ CFs များအား အလုပ်ခန့်ထားရန် လူထုဗဟိုပြုစီမံကိန်း(NCDDP) မှ တာဝန်ပေးအပ်ထားပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် စီမံကိန်းအတွက် ဒေသခံအသိပညာများ ရရှိစေပြီး ဆင်းရဲ၍ ဝေးလံခေါင်းပါးသော ဒေသများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို ရရှိစေနိုင်ပါသည်။ သင်တန်း အစီအစဉ်အသစ်တွင် လူထုဗဟိုပြု စီမံကိန်း(NCDDP)မှ စည်းရုံးရေးမှူးများအားလုံးအတွက် ပထမနှစ် စီမံကိန်းစက်ဝန်း၏ သင်ရိုးများအပြင် ရက်(၂၀) ပင်မညွှန်ကြားချက်နှင့် နည်းပညာမှူးများအတွက် ထပ်ပေါင်း(၉ ရက်မှ ၁၂ ရက်အထိ) သင်တန်းနှင့် သတ်မှတ်ထားသော ခေါင်းစဉ်များအတွက် ထပ်တိုး (၅)ရက်သင်တန်း တို့ကို တိုးမြှင့် ပို့ချပေးသွားမည်။

## အကြံပြုချက်ဖြေရှင်းရေး အဖွဲ့




၁၂။ လူထုဗဟိုပြုစီမံကိန်း(NCDDP) မှ အကြံပြုချက် ဖြေရှင်းရေးအဖွဲ့(GHM) သည် စီမံကိန်း မြို့နယ်များရှိ လူထုများအား မကျေနပ်ချက်များနှင့် စီမံကိန်းနှင့် ပတ်သက်သော မေးခွန်းများအား ပြန်လည် ဖြေကြား နိုင်ရန်၊ အစီရင်ခံခြင်းကာလ၌ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်၊ နှင့် ထိရောက်သော တုံ့ပြန်ချက် များရှိစေရန် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။ အစီရင်ခံခြင်း ကာလ၌ GHM မှ တိုင်စာနှင့် မေးမြန်း စုံစမ်းသောစာများ (၁,၃၅၈) စောင် လက်ခံ ရရှိခဲ့ ပါသည်။ ၂၀၁၆ခုနှစ်၊ မတ်လအကုန် အထိတွင် (၁,၉၃၄) စောင်ရရှိခဲ့ပြီး (၁,၉၂၃)စောင် (၉၉%) မှာ ဖြေရှင်းခဲ့ပြီး ဖြစ်ပါသည်။ (ဇယား-၇) အဓိက အကြံပြုတိုင်ကြားခြင်းသည် (ဥပမာ- စီမံကိန်း၏ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအား ချိုးဖောက်ခြင်း ဖြစ်သော လာဘ်စားခြင်း၊ အလွဲသုံးစားလုပ်ခြင်း စသဖြင့်) အကြံပြုစာများ အားလုံး၏ ၉% လောက်ပါဝင်ပါသည်။ ထိုအဓိက အကြံပြုချက်များ ဖြေရှင်းခြင်းနှုန်းသည် အကြံပြုချက်အားလုံး၏ ဖြေရှင်းပြီးသော ရာခိုင်နှုန်း (၉၉%) နှင့် ကိုက်ညီမှု ရှိပါသည်။

၁၃။ အကြံပြုစာများအား အများအားဖြင့် စီမံကိန်းတွင် ပါဝင်သော ကျေးရွာတိုင်းရှိ အကြံပြုတိုင်ကြားရေး သေတ္တာမှ လက်ခံရရှိပြီး ဤနည်းလမ်းသည် ၎င်း၏ ရည်ရွယ်ချက်အတိုင်း

ဆက်လက် ဆောင်ရွက်မည် ဖြစ်သည်။ အခြား အသုံးပြုနိုင်သော နည်းလမ်းများမှာ ပြည်ထောင်စုနှင့် မြို့နယ်အဆင့်တွင် အကြံပြုတိုင်ကြားရေး ဖုန်းလိုင်းသို့ ခေါ်ဆိုနိုင်ခြင်း၊ အီးမေးလ် ပေးပို့နိုင်ခြင်း၊ ဖေ့ဘုတ်စာမျက်နှာမှ ဖော်ပြနိုင်ခြင်းနှင့် ကြီးကြပ်မှုကွင်းဆင်းလေ့လာသောအခါ လူကိုယ်တိုင် တိုင်ကြားနိုင်ခြင်းတို့ ဖြစ်ပါသည်။ စီမံကိန်းမြို့နယ်များတွင် ဆက်သွယ်ရေး ပိုမို ကောင်းမွန်လာသည်ဖြစ်၍ ထိရောက်သော အကြံပြုတိုင်ကြားချက် နှင့်တုံ့ပြန်ချက် နည်းလမ်းများ အတွက် လူမှုကွန်ယက်နှင့် မိုဘိုင်းအခြေပြု applications များအား တွင်ကျယ်စွာ ဆက်လက် အသုံးပြုသွားမည်ဖြစ်သည်။

### ကျား၊မ ရေးရာ

၁၄။ အစီရင်ခံခြင်း ကာလအတွင်း လူထုဗဟိုပြုစီမံကိန်း (NCDDP) မှ အဓိက ကျား၊မ ရေးရာနှင့် ပတ်သက်သော ရည်ရွယ်ချက်များအား အောင်မြင်စွာ ဆက်တိုက် ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီဝင်များနှင့် ကော်မတီသဘာပတိများ၏ ၅၀% သည် အမျိုးသမီးများဖြစ်သော စီမံကိန်း မြို့နယ်များ အားလုံးသည် စီမံကိန်းလက်စွဲစာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ကော်မတီဝင်များ နှင့် ကော်မတီခေါင်းဆောင်များအတွက် သတ်မှတ်ချက်အတိုင်း ကျား၊မ တန်းတူ အကျိုးခံစားခွင့်ကို ရရှိခဲ့ပါသည်။ အမျိုးသမီးများ ရွေးချယ်ထားပြီး ဦးစားပေး ထောက်ပံ့ထားသော အရေအတွက် အပါအဝင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရေးဆွဲခြင်းလုပ်ငန်းနှင့် ကျား၊မ သီးခြား အစီရင်ခံခြင်း တို့သည် ကျား၊မ တန်းတူ အကျိုးခံစားခွင့် ဥပဒေသကို လိုက်နာကျင့်သုံးပါသည်။

၁၅။ ပြည်ထောင်စုအဆင့် ကျား၊မ ရေးရာအဖွဲ့မှ နည်းပညာလမ်းညွှန်ချက်နှင့် မြို့နယ် အခြေပြု ကျား၊မ ရေးရာ အဖွဲ့အစည်းအတွက် အကြံပြုချက်ကို ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ အစီရင်ခံခြင်းကာလတွင် ကျား၊မ ရေးရာအဖွဲ့အစည်းမှ အဆင့်မြင့်သင်တန်းအတွက် ကျား၊မ ရေးရာ အလုပ်ရုံအစည်းအဝေး (၂) ကြိမ်ကျင်းပပြုလုပ်မည်။ မြို့နယ်အဆင့်၌ ကြုံတွေ့ရသော ကျား၊မ ပြဿနာများအား ဆွေးနွေးရန်နှင့် မတည်ငြိမ်သော မြို့နယ်များသို့ ပဋိပက္ခများစစ်ဆေးရန် ကွင်းဆင်း လေ့လာခြင်းများ ဆောင်ရွက်နိုင်ရန် သုံးလပတ် အစည်းအဝေး (၃) ကြိမ် ကျင်းပပြုလုပ်သွားမည်။







Bridge Subproject | Namhsan

## နည်းပညာ ဆိုင်ရာ အထောက်အပံ့

၁၆။ ကျေးလက်/ဦးစီး ဌာနမှ စီမံကိန်း အကောင်အထည်ဖော်ခြင်းအား ထိရောက်စွာ ထောက်ပံ့ပေးနိုင်ရန် ပြည်ထောင်စု နှင့် မြို့နယ်အဆင့်တွင် သတ်မှတ်ထားသော နေရာများ၌ နည်းပညာဆိုင်ရာ အထောက်အပံ့အား ဆက်လက် ရေးဆွဲခဲ့ပါသည်။ ပြည်ထောင်စုအဆင့်၌ ဘဏ္ဍာရေး စီမံခန့်ခွဲရေး၊ ဝယ်ယူရေး၊ သင်တန်းပို့ချရေး၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း နှင့် အကြံပြု တိုင်ကြားရေး ဖြေရှင်းရေးအဖွဲ့တို့တွင် အထောက်အကူပြုရန် ပြည်တွင်းနှင့် ပြည်ပ ကျွမ်းကျင်ပညာရှင်များ (၆) ဦးနှင့် ဖွဲ့စည်းထားပါသည်။ သတ်မှတ်ထားသော လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ တာဝန်များအတွက် တွဲဖက်ကျွမ်းကျင်မှုများအား စီမံကိန်း ဝယ်ယူရေး ရေးဆွဲခြင်းတွင် လိုအပ်သလို ထည့်သွင်း သုံးသပ်သွားမည် ဖြစ်သည်။

၁၇။ မြို့နယ်အဆင့်၌ ပြည်တွင်းနှင့် ပြည်ပ လုပ်ဖော်ကိုင်ဖက်များ၊ NGOs များနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများပါဝင်သော NCDDP အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် DRD ရုံးများသို့ နည်းပညာဆိုင်ရာ အထောက်အပံ့များ ဆက်လက် ပေးသွားမည်။ ဤနည်းပညာဆိုင်ရာ အထောက်အပံ့များ စီစဉ်မှုသည် ဒေသခံ အစိုးရ အဖွဲ့အစည်းများနှင့် NGOs များ အား လုပ်ငန်းအသစ် မိတ်ဖက်များ ဖြစ်စေပါသည်။ ထိုကဲ့သို့ အတူတကွ လုပ်ကိုင်သည့် ပထမဦးဆုံးလတွင် စိန်ခေါ်မှု များလည်း ရှိခဲ့ပါသည်။ ဤ မိတ်ဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် များပြားလှသော မြို့နယ်များအတွက် စီမံကိန်းအား လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကျိုးရှိ စေပါသည်။ နည်းပညာဆိုင်ရာ အထောက်အပံ့ လုပ်ဖော်ကိုင်ဖက်များသည် စီမံကိန်း၏ ပထမ (၂)နှစ်တွင် စီမံကိန်း စည်းရုံးရေးမှူးများ၏ လူသစ်ငှားရမ်းခြင်း နှင့် ကြီးကြပ်ခြင်း တို့အတွက် တာဝန်ယူရပါသည်။

၁၈။ မကြာသေးမီက မြို့နယ်နည်းပညာဆိုင်ရာ အထောက်အပံ့ စာချုပ်တွင် DRD သည် အခြေခံအဆောက်အဦး ကျွမ်းကျင်ပညာရှင် ရာထူးအား ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်ါ။ ဤကဲ့သို့ ရပ်ဆိုင်းလိုက်ခြင်းသည် မြို့နယ်အဆင့်၌ လုပ်ငန်းများ ကြန့်ကြာမှုအား ဖြစ်ပေါ်စေခဲ့ပြီး DRD အင်ဂျင်နီယာများသည် များပြားလှသော စီမံကိန်းလုပ်ငန်းခွဲများအား ကြီးကြပ်ရာတွင် နှင့် ဒီဇိုင်းဆွဲရာတွင် အခက်အခဲများကိုလည်း ကြုံတွေ့ရပါသည်။ ဤကြန့်ကြာမှုများကို DRD စီမံခန့်ခွဲရေးမှ တွဲဖက် အတွေ့အကြုံရှိ အခြေခံအဆောက်အဦး ကျွမ်းကျင်ပညာရှင်များအား မြို့နယ်များတွင် ရရှိနိုင်ရန် ဆုံးဖြတ်ပေးခဲ့ပါသည်။

## အပိုင်း - ၃။ အသိပညာနှင့် လေ့လာသင်ယူခြင်း

၁၉။ NCDDP သည် လေ့လာသင်ယူခြင်းအား လုက်လျော်ညီထွေမှုရှိစေခြင်းဖြင့် တိုးတက်အောင် ဆက်လက် လုပ်ဆောင်သွားရန် ရည်ရွယ်ပါသည်။ စီမံကိန်းသည် ယခုနှစ်တွင် စီမံကိန်းစက်ဝန်း စတုတ္ထနှစ်သို့ ရောက်ရှိ လာသည်နှင့်အတူ ပြည်ထောင်စုနှင့် မြို့နယ်အဆင့် စီမံကိန်းသက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ပွဲ (MSR) နှင့် ကျေးရွာအဆင့် လူထုစစ်ဆေးပွဲတို့မှ အရေးပါသော လုပ်ငန်းအတွေ့အကြုံများကို ရရှိခဲ့ပါသည်။ ထိုပွဲများမှ ၂၀၁၄ MSR ပြီးနောက် ထောက်ပံ့ငွေ တိုးမြှင့်လာခြင်း၊ လုပ်နည်းလုပ်ဟန်ပုံစံများ ရှင်းလင်းလွယ်ကူလာပြီး ၂၀၁၅ MSR ပြီးနောက် စည်းရုံးရေး သင်တန်းများ ပိုမို အားကောင်းလာခြင်း စသည်တို့ကို သင်ယူရရှိခဲ့ပါသည်။ ထိုလေ့လာသင်ယူခြင်းနှင့် ဆီလျော်အောင် ပြုပြင်ပြောင်းလဲခြင်းဖြင့် စီမံကိန်းစက်ဝန်းများတွင် မြန်မာနိုင်ငံတစ်ဝှမ်း ဆင်းရဲသော လူထုများအတွက် အရေးပါသော အကျိုးကျေးဇူးများကို ပေးနိုင်ခဲ့ပါသည်။







Bridge Subproject | Htantabin

၁၉။ NCDDP သည် လေ့လာသင်ယူခြင်းအား လိုက်လျော ညီထွေမှုရှိစေခြင်းဖြင့် တိုးတက်အောင် ဆက်လက် လုပ်ဆောင်သွားရန် ရည်ရွယ်ပါသည်။ စီမံကိန်းသည် ယခုနှစ်တွင် စီမံကိန်းစက်ဝန်း စတုတ္ထနှစ်သို့ ရောက်ရှိလာသည်နှင့်အတူ ပြည်ထောင်စုနှင့် မြို့နယ်အဆင့် စီမံကိန်းသက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ပွဲ (MSR) နှင့် ကျေးရွာအဆင့် လူထုစစ်ဆေးပွဲတို့မှ အရေးပါသော လုပ်ငန်းအတွေ့အကြုံများကို ရရှိခဲ့ပါသည်။ ထိုပွဲများမှ ၂၀၁၄ MSR ပြီးနောက် ထောက်ပံ့ငွေ တိုးမြှင့်လာခြင်း၊ လုပ်နည်းလုပ်ဟန်ပုံစံများ ရှင်းလင်းလွယ်ကူလာပြီး ၂၀၁၅ MSR ပြီးနောက် စည်းရုံးရေးသင်တန်းများ ပိုမို အားကောင်းလာခြင်း စသည်တို့ကို သင်ယူရရှိခဲ့ပါသည်။ ထိုလေ့လာ သင်ယူခြင်းနှင့် ဆီလျော်အောင် ပြုပြင်ပြောင်းလဲခြင်းဖြင့် စီမံကိန်းစက်ဝန်းများတွင် မြန်မာနိုင်ငံ တစ်ဝှမ်း ဆင်းရဲသော လူထုများအတွက် အရေးပါသော အကျိုးကျေးဇူးများကို ပေးနိုင်ခဲ့ပါသည်။

ဇယား - ၁။ ရလဒ်မူဘောင်မှ NCDDP ၏ ဆောင်ရွက်ချက်များ

| ၁ | ဖွံ့ဖြိုးတိုးတက်မှုရည်ရွယ် ညွှန်းကိန်း | | ပထမနှစ် ၂၀၁၃/၁၄ | ဒုတိယနှစ် ၂၀၁၄/၁၅ | တတိယနှစ် ၂၀၁၅/၁၆ | စုစုပေါင်း |
|---|---|---|---|---|---|---|
| | ၁.၁ | တိုက်ရိုက်စီးမံကိန်းအကျိုးခံစားသူ | ၂၂၇,၀၀၀ | ၆၆၉,၅၇၀ | ၂,၁၈၆,၄၁၅ | ၃,၀၈၂,၉၈၅ |

| | | | (၃ မြို့နယ်) | (၆ မြို့နယ်) | (၁၈ မြို့နယ်) | |
|---|---|---|---|---|---|---|
| | ၁.၂ | % အမျိုးသမီး အကျိုးခံစားသူ | | ၅၁% | ၅၁.၅% | ၅၁.၂% |
| | ၁.၃ | # စီမံကိန်းမှ အဆောက်အဦးနှင့် ဝန်ဆောင်မှုအား အသုံးပြုသူ | ၂၀၄,၅၂၇ | ၆၂၁,၃၆၁ | ၂,၀၄၂,၁၁၂ | ၂,၈၆၈,၀၀၀ |
| | ၁.၄ | % စီမံကိန်းလုပ်ငန်း ရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ နှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း တို့တွင် ပါဝင်သော စီမံကိန်းကျေးရွာများမှ အိမ်ထောင်စု | ၅၆% | ၅၈% (၃) | ၆၅% | |
| | ၁.၅ | % စီမံကိန်းအား ကျေနပ်မှုရှိသော ကျေးလက်လူထု | ၉၀% | ၇၈.၈% | | ၇၈.၈% |
| ၂ | ကြားဖြတ် ရလဒ် ညွှန်ကိန်း | | | | | |
| | ၂.၁ | # ကျေးလက် ဆောက်လုပ်ခဲ့သော အခြေခံ အဆောက်အဦး အမျိုးအစား | ၃၅၇ | ၁၈၁ | ၁၇(၄) | ၂၁၈၆ |
| | ၂.၂ | % စီမံကိန်း လက်စွဲစာအုပ် နည်းပညာများနှင့် အကာအကွယ် သတ်မှတ်ချက်နှင့် ကိုက်ညီသော စီမံကိန်းလုပ်ငန်းခွဲ | ၈၅% | ၉၃% | | |
| | ၂.၃ | # စီမံကိန်း စီမံခန့်ခွဲမှု၊ စက်မှုပညာ၊ စီမံကိန်းရေးဆွဲခြင်း ပညာသစ်များကို အသုံးပြုသော အစိုးရရုံးများ | ၄၈ | ၁၁၅ | ၂၃၄ | ၂၃၄ |
| | ၂.၄ | # စီမံကိန်း ရေးဆွဲခြင်း၊ ငွေကြေး စီမံခန့်ခွဲခြင်း၊ ဝယ်ယူရေး ပညာသစ်များအား အသုံးပြုသော ကျေးရွာလူထု | ၄၇၃၁ | ၁၉,၁၆၀ | ၅၆,၇၈၀ | ၈၀,၆၆၇ |
| | ၂.၅ | # မြို့နယ်များသို့သွားရောက် ကွင်းဆင်းလေ့လာခြင်း | ၂ | ၄ | ၁ | ၇ |
| | ၂.၆ | နှစ်ပတ်လည် စီမံကိန်း သက်ဆိုင်သူ ပေါင်းစုံ ပါဝင်သော သုံးသပ်ပွဲ | ၁ | ၁ | | ၂ |
| | ၂.၇ | % စီမံကိန်း အကျိုးကျေးဇူးများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မှတ်တမ်းတင်ထားသော အကြံပြုတိုင်ကြားစာ | ၉၉% | ၉၈.၅% | | ၉၈.၅% |
| | ၂.၈ | # စီမံကိန်း အကျိုးကျေးဇူးများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မှတ်တမ်းတင်ထားသော အကြံပြုတိုင်ကြားစာ | ၃၁၈ | ၁,၆၀၅ | | ၁,၉၂၃ |
| | ၂.၉ | % နှစ်စဉ် ဘဏ္ဍာရေး စစ်ဆေးခြင်းမှ အရေးပါသော တွေ့ရှိချက်များ | ၁၀၀% | ၁၀၀% | | ၁၀၀% |

## စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

၂၀။ ဆောင်ရွက်ချက်များ၏ တင်းကျပ်သော စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်းသည် NCDDP ၏ လေ့လာသင်ယူမှု နည်းလမ်း ဖြစ်ပါသည်။ ၎င်းသည် စီမံကိန်းတွင် မည်သည့်အရာများက ကောင်းမွန်စွာ လုပ်ဆောင်ခဲ့ပြီး လိုအပ်ပြောင်းလဲရမည့် အရာများကို ခွဲခြားခြင်းတို့တွင် အထောက်အကူ ပြုပါသည်။ အစီရင်ခံခြင်းကာလတွင် စည်းရုံးရေးမှူးများအား ပုံစံများ ဖြည့်သွင်းရန်၊ အချက်အလက်များ ထည့်သွင်းရန်နှင့် ကွင်းဆင်းရာတွင် မှတ်တမ်းဓါတ်ပုံများ ရိုက်ယူနိုင်ရန်၊ ပြည်ထောင်စုအဆင့် သို့ အချက်အလက်များ တင်ပြနိုင်ရန် GIS တပ်ဆင်ထားသော tablets များကို တိုးချဲ့အသုံးပြုခွင့် ပေးခဲ့ပါသည်။ ပြောင်းလဲ ပြင်ဆင်ထားသော စီမံခန့်ခွဲရေး သတင်း အချက်အလက် ဖွဲ့စည်းပုံ (MIS) နှင့်အတူ အဆင့်မြှင့်ထားသော အသုံးပြုသူအား ကြားခံ ဆက်သွယ်ပေးသော စနစ် အပါအဝင် ဤအချက်အလက်များသည် မြို့နယ် (၂၇) မြို့နယ်အတွင်း စီမံကိန်း လည်ပတ်မှုများနှင့် ပတ်သက်၍ အချိန်နှင့် တပြေးညီ သတင်း အချက်အလက်များ ပေးပါသည်။

၂၁။ အစီရင်ခံခြင်းကာလတွင် စည်းရုံးရေးမှူးများအတွက် ထပ်တိုး သင်တန်းများ၊ မြို့နယ် အသင်းအဖွဲ့များ အတွက် IT အထောက်အပံ့များ များပြားလာခြင်း၊ ပြည်ထောင်စုအဆင့်၌ MIS အဆင့်မြှင့်တင်ခြင်း တို့ အပါအဝင် အရေးကြီးသော နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအား တင်ပြခဲ့ပါသည်။ လာမည့် နှစ်များတွင် MIS ၏ GIS အားစတင်အသုံးပြုနိုင်မည်ဖြစ်ပြီး NCDDP ဝက်ဆိုဒ်မှတဆင့် စီမံကိန်း လုပ်ငန်းခွဲ တစ်ခုစီအတွက် 'မစတင်မီ' နှင့် 'လုပ်ငန်းပြီးစီးပြီး' ဓါတ်ပုံများ အပါအဝင် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အချက်အလက်များ အား အချိန်နှင့် တပြေးညီ လူထုမှ ကြည့်ရှုနိုင်မည်ဖြစ်သည်။

## နည်းပညာစစ်ဆေးခြင်း

၂၂။ အစီရင်ခံခြင်းကာလတွင် DRD မှ နည်းပညာဆိုင်ရာ အရည်အသွေးနှင့် NCDDP မှ ဆောက်လုပ်ထားသော အဆောက်အဦးများ၏ ကုန်ကျငွေနှင့်ထပ်တူ အကျိုးကျေးဇူးရှိခြင်းတို့အား အကဲဖြတ်နိုင်ရန် ပုဂ္ဂလိက နည်းပညာစစ်ဆေးသူအား တာဝန်ပေးအပ်ခဲ့သည်။ အထက် ဖော်ပြပါ အတိုင်း နည်းပညာ စစ်ဆေးခြင်းသည် စီမံကိန်းလုပ်ငန်းခွဲ၏ ၉၂% သည် 'ကောင်းသည်'နှင့် ' အလွန်အမင်း ကောင်းသည်' တို့ကို ရရှိခဲ့ပြီး လွယ်ကူစွာသွားရောက်နိုင်သော ကျေးရွာများ သာမက ဝေးလံခေါင်းပါးသော ကျေးရွာများမှ စီမံကိန်းလုပ်ငန်းခွဲများ၏ နည်းပညာ အရည်အသွေးများသည် ညီညွတ် ကိုက်ညီမှုကို တွေ့ရှိခဲ့ရပါသည်။ NCDDP မှ အကောင်အထည်ဖော်ဆောင်ရွက်သော စီမံကိန်း လုပ်ငန်းခွဲများသည် မြန်မာနိုင်ငံရှိ အခြားအစိုးရ စီမံကိန်းများမှ အကောင်အထည်ဖော် ဆောင်ရွက်သော အခြေခံ အဆောက်အဦးများထက် ပိုမို ထိရောက် အကျိုးရှိကြောင်း တွေ့ရှိခဲ့ရသည်။

## လူထုစစ်ဆေးခြင်း

၂၃။ ၂၀၁၅/၁၆ လူထုစီမံကိန်းစက်ဝန်းအတွင်း ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့သည်များနှင့် လာမည့်နှစ်အတွင်း မည်သည်တို့ကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ရမည်များကို ပြန်လည်သုံးသပ်နိုင်ရန် ကျေးရွာအဆင့်၌ လူထုစစ်ဆေးပွဲ (၁,၄၇၀) ကျင်းပခဲ့ပါသည်။ ဤ သင်ခန်းစာများကို မြို့နယ်အဆင့် စီမံကိန်းသက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ပွဲ (MSR) တွင် တင်ပြခဲ့ပါသည်။ (ဇယား - ၉ နှင့် ၁၀၊ နောက်ဆက်တွဲ III တွင်ပြသထားသည်။)





## စီမံကိန်း သက်ဆိုင်သူ ပေါင်းစုံပါဝင်သော သုံးသပ်ပွဲ (MSR)

၂၄။ ဒုတိယအကြိမ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် MSR အစည်းအဝေးကို နေပြည်တော် ၂၀၁၅ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဒုတိယ သမ္မတမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အစည်းအဝေးတွင် NCDDP မြို့နယ်များမှ လူထုကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဒုတိယ ဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံတကာနှင့် ပြည်တွင်း NGOs အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များနှင့် မီဒီယာများ အပါအဝင် သက်ရောက်သူ (၄၇၀)ဦးကျော် တက်ရောက်ခဲ့ပါသည်။

၂၅။ ပြည်ထောင်စုအဆင့် MSR ပြီးနောက် ကျေးလက်/ဦးစီးဌာနမှ စီမံကိန်းမြို့နယ်များမှ စီမံကိန်း ဝန်ထမ်း (၅၃၀)အား လေ့လာ သင်ယူနိုင်ရန်နှင့် အတွေ့အကြုံများ ဖလှယ်နိုင်ရန် ရုံးတွင်း အစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ ပြည်ထောင်စု MSR မှ အဓိက ရလဒ်များအား နောက်ဆက်တွဲ (I) တွင် ဖော်ပြထားပြီး (၁) ၂၀၁၄ MSR ပြီးနောက် ပုံစံများနှင့် စာရွက်စာတမ်းများ ပိုမို ရှင်းလင်း လွယ်ကူသွားသည်ဟု ပါဝင်တက်ရောက်သူများမှ အတည်ပြုခြင်း၊ (၂) ဆောင်ရွက်ရမည့် အကြောင်းအရာ၊ အချိန်ကိုက်ညီမှု၊ ပို့ချမှုနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်သော သင်တန်းများ လိုအပ်ကြောင်း အကြိမ်များစွာ ဆွေးနွေးခြင်း၊ (၃) ပဋိပက္ခများနှင့် သဘာဝ ဘေးအန္တရာယ်များ အပါအဝင် လုပ်ငန်း လည်ပတ်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများအား ဆွေးနွေးခြင်း တို့ ပါဝင်ပါသည်။

## မြို့နယ်များကွင်းဆင်းလေ့လာခြင်း

၂၆။ စီမံကိန်း အကောင်အထည်ဖော်ခြင်းများကို လက်တွေ့လေ့လာရန် DRD မှ အစီရင်ခံခြင်းကာလတွင် မြို့နယ်အဖွဲ့အစည်းများအတွက် မြို့နယ်များသို့ ကွင်းဆင်း လေ့လာခြင်းကို ဆောင်ရွက်စေခဲ့ပါသည်။ ပထမနှစ်မြို့နယ် (၃) မြို့နယ် (ဇူလိုင် ၂၀၁၅) ၏ လူထုစစ်ဆေးခြင်းများအား လေ့လာနိုင်ရန်၊ စီမံကိန်း ဒုတိယနှစ်တွင် ဝင်ရောက်လာသော မြို့နယ်(၆) မြို့နယ်တို့သည် ကွင်းဆင်းလေ့လာခြင်းတွင် ပါဝင်ခဲ့ပါသည်။ ထို့အပြင် ပထမစီမံကိန်းမြို့နယ်(၃)မြို့နယ်သို့ ရွေးချယ်ထားသော ဒုတိယနှစ် မြို့နယ်အဖွဲ့အစည်းများ (စက်တင်ဘာ/အောက်တိုဘာ ၂၀၁၅) နှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသော မြို့နယ် (၉) မြို့နယ်သို့ စီမံကိန်း တတိယနှစ် မြို့နယ်သစ် (၁၈) မြို့နယ်မှ DRD ဝန်ထမ်းများအား (ဇန်နဝါရီ ၂၀၁၆) တွင် သွားရောက် ကွင်းဆင်းလေ့လာစေပါသည်။ ထို့နောက် မြို့နယ်အဖွဲ့များမှ လေ့လာ သင်ယူမှုများအား ဆွေးနွေးရမည်ဖြစ်သည်။

## အပိုင်း - ၄။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အထောက်အပံ့

၂၇။ NCDDP သည် ကျေးလက်/ဦးစီဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်ထောင်စု NCDDP အထွေထွေ ရုံးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရေးအား ကြီးကြပ်ကွပ်ကဲပါသည်။ ၂၀၁၆ခုနှစ် မတ်လအကုန်၌ NCDDP ရုံးဌာနတွင် (နောက်ဆက်တွဲ V) စီမံကိန်း ဒါရိုက်တာနှင့် စီမံကိန်း လက်ထောက် ဒါရိုက်တာ အနေဖြင့် ဒုတိယ ညွှန်ကြားရေးမှူး(၂)ဦးမှ တာဝန် ထမ်းဆောင်လျက်ရှိပါသည်။ ထို့အပြင် စီမံကိန်းမန်နေဂျာနှင့် ဝယ်ယူရေး မန်နေဂျာအဖြစ် ညွှန်ကြားရေးမှူး (၂) ဦး မှလည်းကောင်း၊ စီမံကိန်း လည်ပတ်ရေးအတွက် လက်ထောက် ညွှန်ကြားရေးမှူး (၁) ဦး မှလည်းကောင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုအတွက် လက်ထောက် ညွှန်ကြားရေးမှူး (၂) ဦး မှလည်းကောင်း အသီးသီး တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းစီမံခန့်ခွဲရေး အဖွဲ့ဝင်များသည် ဝန်ထမ်း (၆၃)ဦး၊ ပြည်တွင်း ပြည်ပမှ အတိုင်ပင်ခံများ၏ ထောက်ပံ့ ကူညီမှုဖြင့် ဝယ်ယူရေး၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းနှင့် သင်တန်းများ ပို့ချခြင်းတို့တွင် ထောက်ပံ့ ဆောင်ရွက်ပါသည်။ ပြည်ထောင်စု အဆင့် ရုံးဌာနမှ မြို့နယ်အဖွဲ့ ခေါင်းဆောင်များအား ခေါ်ယူ၍ အကောင်အထည် ဖော်ရာတွင် တွေ့ကြုံရသည့် ပြဿနာများအား သုံးသပ်ဆွေးနွေး ဖြေရှင်းနိုင်ရန် သုံးလပတ် အစည်းအဝေးအား ကျင်းပ ပြုလုပ်ပါသည်။


၂၈။ မြို့နယ်အဆင့်၌ မြို့နယ် DRD ရုံးများသည် စီမံကိန်း အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ပါသည်။ အခြား အလုပ်များ ထပ်မံလုပ်ဆောင်ရန်လိုအပ်ပါက NCDDP မြို့နယ်များတွင် DRD မှ ဝန်ထမ်းများ ထပ်မံခန့်ထားပေးပါသည်။ ထို့အပြင် အထက်ပါ အပိုင်း (၂) တွင် ဖော်ပြ

ထားသည့်အတိုင်း အဓိကနေရာများတွင် စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် မြို့နယ်အဆင့် လက်ထောက် နည်းပညာမှူးများကို DRD မှ ခန့်ထားပေးပါသည်။

၂၉။ စီမံကိန်း မြို့နယ်သစ်များသို့ တိုးချဲ့ဆောင်ရွက်သည်ဖြစ်၍ DRD သည် ပြည်နယ်နှင့် တိုင်း အဆင့်၌ ထိရောက်သော အကောင်အထည်ဖော် လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် NCDDP ရုံးများအား ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းရုံးများသည် မြို့နယ်ရုံးများ၏ အခြေခံအဆောက်အဦးများ၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊ လုပ်ငန်းလည်ပတ်နိုင်ရန် အထောက်အပံ့၊ အစီရင်ခံခြင်း၊ ပြည်ထောင်စုအဆင့်၌ ထိရောက်စွာ လုပ်ငန်း လည်ပတ်နိုင်ရန် ပုံစံချထားရာတွင် ကြီးကြပ်ကွပ်ကဲခြင်း စသည့်လုပ်ငန်းများတွင် ထောက်ပံ့ကူညီပါသည်။ ထိုရုံးများသည် NCDDP အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်း အစိုးရနှင့်လည်း ချိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။

၃၀။ အစီရင်ခံခြင်းကာလတွင် ပိုမို ကျယ်ပြန့်သော အစိုးရအဖြစ် ပြန်လည်ဖွဲ့စည်းရာတွင် ကျေးလက်/ဦးစီး၏ ဝန်ကြီးဌာနဖြစ်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနသည် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဟူ၍ ဌာနအသစ် ဖွဲ့စည်းခဲ့ပါသည်။ ဤကဲ့သို့ ပြန်လည် ဖွဲ့စည်းရာတွင် စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် DRD ၏ နေ့စဉ်လုပ်ငန်း လည်ပတ်မှုများ အပေါ် ထိခိုက်ခြင်းမရှိခဲ့ပါ။









Jetty Subproject | Kawka Hnin Village, Kyunsu Township, Tanintharyi Region

## ငွေကြေး စီမံခန့်ခွဲမှု

၃၁။ စီမံကိန်း ဘဏ္ဍာရေးနှစ် ၂၀၁၅/၁၆တွင် NCDDP ၏ စုစုပေါင်းကုန်ကျငွေမှာ ကျပ်ငွေ ၃၂.၈ ဘီလီယံ (သန်း ၂၅.၅ ဒေါ်လာငွေ)၊ ဇယား ၁၂ တွင်ကြည့်ရန်) ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ မတ်လကုန် အထိ ကုန်ကျစရိတ် စုစုပေါင်းမှာ ကျပ်ငွေ ၄၉.၄ ဘီလီယံ (သန်း ၃၇.၇ ဒေါ်လာငွေ) ဖြစ်ပါသည်။ စီမံကိန်း ရံပုံငွေအား လူထုသို့ တိုက်ရိုက် ထောက်ပံ့ငွေ အဖြစ် ကျပ်ငွေ ၃၃.၄ ဘီလီယံ (သန်း ၂၆ ဒေါ်လာငွေ) စီမံကိန်း စုစုပေါင်း ကုန်ကျငွေ၏ ၆၈% အထိ အများဆုံးအသုံးပြုခဲ့သည်။ ကျပ်ငွေ ၈.၄ ဘီလီယံ (သန်း ၆.၅ ဒေါ်လာငွေ) စီမံကိန်းစုစုပေါင်း ကုန်ကျငွေ၏ ၁၇%အား လုပ်ငန်းလွှယ်ကူ ချောမွေ့စေရန်နှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းအတွက် အသုံးပြုခဲ့ပါသည်။

၃၂။ အစီရင်ခံခြင်းကာလတွင် ဘဏ္ဍာရေးနှစ် ၂၀၁၄/၁၅ အတွက် အရည်အသွေး မပြည့်မီသော စစ်ဆေးခြင်း အစီရင်ခံစာများအား ပြည်ထောင်စု စစ်ဆေးရေးမှူးများထံမှ လက်ခံ ရရှိပြီး စီမံကိန်း ဝက်ဆိုဒ်တွင် အများပြည်သူ ကြည့်ရှုနိုင်ရန် တင်ပြထားပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်မှ သုံးသပ် စစ်ဆေးရန်အတွက် စစ်ဆေးခြင်း မလုပ်ထားသော ကြားဖြတ် ဘဏ္ဍာရေး သုံးလပတ် အစီရင်ခံစာ (IFRs) အား တင်ပြခဲ့ပါသည်။ နှစ်ပတ်လည် ငွေကြေးရှင်းတမ်းကိုလည်း ဇွန်လမှ ဩဂုတ်လ ၂၀၁၆ခုနှစ်တွင် ကျင်းပ ပြုလုပ်သည့် ဘဏ္ဍာရေးနှစ် ၂၀၁၅/၁၆ စစ်ဆေးပွဲအတွက် ပြည်ထောင်စု စစ်ဆေးရေးမှူးရုံးသို့ တင်ပြရန် ပြင်ဆင်ခဲ့ပါသည်။

၃၃။ စစ်ဆေးခြင်း ပြုလုပ်ရာတွင် စစ်ဆေးရေးမှူးသည် ပြည်ထောင်စု၊ မြို့နယ်၊ ကျေးလက်အဆင့်များတွင် စာရွက်စာတမ်းများကို စစ်ဆေးပါသည်။ အစီရင်ခံခြင်းကာလတွင် ကမ္ဘာ့ဘဏ် အကောင်အထည် ဖော်ရာတွင် အထောက်အပံ့ အဖွဲ့အစည်း (၃) ဖွဲ့မှ ငွေကြေးမှတ်တမ်း များအား အကြောင်းကြားခြင်း မရှိဘဲ စစ်ဆေးသွားမည်။ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်၌ လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေ၏ ငွေကြေး စီမံခန့်ခွဲမှုသည် အလွန်မင်း ကျေနပ်မှုကို ရရှိခဲ့ပြီး ဘဏ်စာရင်းများ သည်လည်း ကောင်းစွာ စီမံခန့်ခွဲနိုင်ခဲ့ပါသည်။ ထို့အပြင် ကျေးရွာကော်မတီများမှ စီမံကိန်းနှင့် ပတ်သက်၍ ငွေကြေး အစီရင်ခံစာများ နှင့် အထောက်အကူပြု စာရွက်စာတမ်းများအား ကောင်းစွာ ထိန်းသိမ်း နိုင်သည့်အပြင်

စီမံကိန်း လုပ်ငန်းခွဲများအား တွက်ချက်ထားသော ခန့်မှန်းကုန်ကျငွေအတွင်း ပြီးစီးဆောင်ရွက် နိုင်ခဲ့ပါသည်။

**ဝယ်ယူရေး**

၃၄။ DRD ဝယ်ယူရေးဌာနမှ အစီရင်ခံခြင်းကာလတွင် ပစ္စည်းများနှင့် ဝန်ဆောင်မှုများ များပြားစွာ ဝယ်ယူရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ် TA များ၏ ဝန်ဆောင်မှုများ၊ စီမံကိန်းမော်တော်ဆိုင်ကယ်များ၊ ကွန်ပျူတာများနှင့် အခြားစက်ပစ္စည်းများ ပါဝင်ပါသည်။ ဝယ်ယူရေးဌာနမှ DRD နှင့် ကမ္ဘာ့ဘဏ်မှ စည်းမျဉ်း စည်းကမ်းများအား လိုက်နာရပါမည်။ ဝယ်ယူရေး ကြော်ငြာစာများအား အမျိုးသား သတင်းစာများ၊ စီမံကိန်းဝက်ဆိုဒ်နှင့် UN ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ဝက်ဆိုဒ်များတွင် ထုတ်ပြန် ကြေညာရမည်။ အစီရင်ခံခြင်းကာလတွင် www.worldbank.org နှင့် နောက်ဆက်တွဲ (၄) တွင် ဖော်ပြထားသော စီစစ်ထားသော ဝယ်ယူရေး စီမံချက် (PP7) အား ပြင်ဆင်ခဲ့သည်။ အစီရင်ခံခြင်း ကာလအတွင်း အစုလိုက် စီစစ် သုံးသပ်ခြင်းမတိုင်မီ နှင့် သုံးသပ် ပြီးစီးခြင်းတွင် ကမ္ဘာ့ဘဏ်မှ NCDDP ၏ ပြုလုပ်ခဲ့သော ဝယ်ယူရေးအား သုံးသပ် စစ်ဆေးသွားမည်ဖြစ်သည်။







School Renovation Sub-project | Par Kon Village, Kanpetlet Township, Chin State

၃၅။ စီမံကိန်း မြို့နယ် (၂၇) မြို့နယ်အား အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းသည် ဝယ်ယူရေးဌာန၏ စွမ်းဆောင်ရည်ကို တိုးမြှင့်စေခဲ့ပြီး ၂၀၁၅/၁၆ စီမံကိန်းစက်ဝန်းတွင် မြို့နယ်အသစ် (၁၈) မြို့နယ်အတွက် အဓိကကျသော ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ဝယ်ယူ စုဆောင်းရေးတွင်မှု နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ ထို့ကြောင့် မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေး ဝန်ထမ်းများသည် စီစဉ် ထားသည့် အတိုင်း မြို့နယ်များသို့ သွားရောက်၍ ကျေးလက်အဆင့်၌ လုပ်ငန်းစဉ်များ လုပ်ကိုင်နိုင်ရန် ကြန့်ကြာခဲ့ရပါသည်။ ဤနှောင့်နှေးမှု နှင့် ပတ်သက်၍ DRDသည် စီမံကိန်းလုပ်ငန်းခွဲများ၏ ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အချိန်ကို မိုးရာသီ ကုန်သည်အထိ တိုးမြှင့်ပေးရန် စီစဉ်ခဲ့ပြီး တစ်ချိန်တည်းတွင် ဝယ်ယူရေးဌာန၏ အင်အားကို တိုးမြှင့်နိုင်ရန် တိုင်းတာမှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၆/၁၇ စီမံကိန်း စက်ဝန်းအတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူရေး၊ ကြိုတင်ပြင်ဆင်ရေး ကိစ္စများအား အရှိန်မြှင့်တင်ခဲ့ပါသည်။

၃၆။ လူထုစီမံကိန်း စက်ဝန်း ပထမနှစ်ပြီးနောက် MSR အစည်းအဝေး ရလဒ် တုံ့ပြန်ချက်များ ပေါ်မူတည်၍ စီမံကိန်း လုပ်ငန်းခွဲများ၏ ဝယ်ယူရေးအား ပိုမို ရှင်းလင်း လွယ်ကူအောင် ကျေးလက်လူထုအား စီမံကိန်း လက်စွဲစာအုပ်တွင် ရှင်းလင်းသော လမ်းညွှန်မှုများပေးခဲ့သည့်အတွက် ကျေးလက်လူထု ဝယ်ယူရေး ကဏ္ဍသည် ကောင်းစွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းခွဲများမှ အလုပ်သမားများအား ထောက်ပံ့ငွေများထဲမှ ကျေးရွာလူထုကိုယ်တိုင် ပေးချေလာနိုင်မှုသည် သိသာထင်ရှားသော ငွေကြေးဆိုင်ရာ အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။ စီမံကိန်းစက်ဝန်း ၂၀၁၄/၁၅ ခုနှစ်အပြီးတွင် စီမံကိန်းလုပ်ငန်းခွဲများ အားလုံး၏ အလုပ်သမားခ ၇၀% ဖြစ်သော မြို့နယ် (၉) မြို့နယ်၏ နေ့စဉ် အလုပ်သမားခ ကျပ်ငွေ ၁.၄၆ ဘီလီယံ (သန်း ၁.၁၄ ဒေါ်လာငွေ) နှင့် နေ့စားအလုပ်သမား ၅၃၃,၀၀၀ ဦးကို ငွေပေးချေနိုင်ခဲ့ပြီး CFA မှ ၃၂၅,၀၀၀ ဦးကို သာ ပေးချေခဲ့ပါသည်။